**Press Release**

## "အေးရှားဂေါလ်ဖောင်ဒေးရှင်း" ၂၃ နှစ်အောက် အာရှ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲအား အေးရှားဂေါလ်ဖောင်ဒေးရှင်းမှ ဂုဏ်ယူစွာပံ့ပိုးကူညီ

- နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ဘော်လီဘောအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကစားမည်။
- မြန်မာအသင်း အုပ်စု (က) တွင် သီရိလင်္ကာ၊ ဩစတေးလျ၊ EZ (ဟောင်ကောင်၊ မကာအို) အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်။

**ရန်ကုန် - မတ်လ ၂၆ ရက်၊ ၂၀၁၉ ခုနှစ်** - အေးရှားဂေါလ်ကုမ္ပဏီမှ ဖွဲ့စည်းတည်ထောင်ထားသော ပြည်သူ့အကျိုးပြု အဖွဲ့အစည်းတစ်ခုဖြစ်သည့် အေးရှားဂေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတစ်ဝန်း ကောင်းမွန်သော လူမှုအဖွဲ့အစည်း တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိရာ တတိယအကြိမ်မြောက် "အေးရှားဂေါလ် ဖောင်ဒေးရှင်း" အသက် ၂၃ နှစ်အောက် အာရှအမျိုးသား ဘော်လီဘောပြိုင်ပွဲအား အေးရှားဂေါလ်ဖောင်ဒေးရှင်းနှင့်အတူ အေးရှားဂေါလ်ကုမ္ပဏီခွဲများဖြစ်သည့် Yangon Aerodrome Company Limited (YACL) ၊ Pioneer Aerodrome Services (PAS) ၊ Global World Insurance (GWI) ၊ Horizon Lake View Resort နှင့် မြတ်တော်ဝင်ဟိုတယ်တို့မှ အဓိကပံ့ပိုးသူများအဖြစ် ဂုဏ်ယူဝမ်းမြောက်စွာ လက်ခံကျင်းပပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပမည့် အဆိုပါဘော်လီ ဘောပြိုင်ပွဲကို မြန်မာနိုင်ငံ၊ နေပြည်တော်တွင် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပသွားမည် ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံများအဖြစ် မြန်မာ၊ သီရိလင်္ကာ၊ ဩစတေးလျ၊ ကာဇက်စတန်၊ ဗီယက်နမ်၊ ဂျပန်၊ တရုတ် (တိုင်ပေ)၊ ပါကစ္စတန်၊ နယူးဇီလန်၊ ထိုင်း၊ တရုတ်နိုင်ငံတို့အပါအဝင် အရှေ့ပိုင်းဇုန်နှင့် အနောက်ပိုင်းဇုန် မှ အသင်းများအပါအဝင် အသင်းပေါင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်နိုင်ငံ ၁၆ နိုင်ငံ ၏ အုပ်စုမဲခွဲပွဲအခမ်းအနားအား ၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 3 အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ အိမ်ရှင်မြန်မာအသင်းက သီရိလင်္ကာ၊ ဩစတေးလျ၊ EZ (ဟောင်ကောင်၊ မကာအို) အသင်းများနှင့်အတူ အုပ်စု (က) တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်ပါသည်။ အုပ်စု (ခ) တွင် ဂျပန်၊ ကာဇက်စတန်၊ WZ-2 နှင့် ဗီယက်နမ်အသင်းများ၊ အုပ်စု (ဂ) တွင် တရုတ် (တိုင်ပေ)၊ ပါကစ္စတန်၊ WZ-3 နှင့် WZ-1 အသင်းများ၊ အုပ်စု (ဃ) တွင် ထိုင်း၊ တရုတ်၊ CZ နှင့် နယူးဇီလန်အသင်းများမှ အသီးသီးပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပါသည်။




*၂၀၁၉ ခုနှစ်၊ ၂၃ နှစ်အောက် အာရှအမျိုးသားဘော်လီဘောပြိုင်ပွဲ ပြိုင်ပွဲအုပ်စုမဲခွဲပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဂင်းမှ အဖွင့်အမှာစကားပြောကြားနေစဉ်။*

မြန်မာနိုင်ငံဘော်လီဘောအသင်း အကောင်းဆုံးယှဉ်ပြိုင်ကစားနိုင်ပါစေကြောင်း အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

– END –

**အေးရှားဝေါလ်ဖောင်ဒေးရှင်းအကြောင်း**

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် အေးရှားဝေါလ်ကုမ္ပဏီ၏ ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်ပြည့်စုံသော လူနေမှုဘဝရရှိရေးကိုဖော်ဆောင်သော စီမံကိန်းများတွင် ပါဂင်ကူညီဆောင်ရွက်ရန် သံဓိဌာန်ချမှတ်ထားပြီး အေးရှားဝေါလ်ကုမ္ပဏီစတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ လူထုအကျိုးပြုပရဟိတလုပ်ငန်းများဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ပံ့ပိုးလျက်ရှိရာ ပညာရေး၊ သဘာဂဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအစရှိသည့် ကဏ္ဍများစွာတွင် လှူဒါန်းမှုများ ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာကြီးနှင့် ကူးလူးဆက်သွယ်ရာလမ်းကြောင်းများ ဖွင့်လိုက်သည့်အားလျော်စွာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် အခွင့်အလမ်းသစ်များစွာလည်း ပေါ်ပေါက်လာပါသည်။ မြန်မာနိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတိုးတက်မှုသည် အရေးပါသော အခန်းကဏ္ဍမှ ပါဂင်သည့်အားလျော်စွာ အေးရှားဝေါလ်ဖောင်ဒေးရှင်းအနေဖြင့် ပညာရေးကဏ္ဍတိုးတက်ရေးလုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါသည်။

အေးရှားဂေါလ်ဖောင်ဒေးရှင်းသည် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ အငူမော်နှင့် မောင်တောကို ဆက်သွယ်ပေးသော ၅၄ ကီလိုမီတာရှိ ကွန်ကရစ်လမ်းသစ်ကို မကြာသေးမီကာလကပင် လှူဒါန်းဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလမ်းသစ်သည် ရခိုင်ပြည်နယ်တွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။